The Rangoon Development Trust (Emergency Provisions) (Repealing) Act 1951
(Act No. LXIX of 1951)

# ၁၉၅၁ ခုနှစ်၊ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို (ရုပ်သိမ်းသည့်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၉။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို (ရုပ်သိမ်းသည့်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်နေ့၌ အာဏာတည်ရမည်။

၂။ ။၁၉၄၃ ခုနှစ်၊ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ [The Rangoon Development Trust (Emergency Provisions) Act, 1943]ကို၊ ဤအက်ဥပဒေက ရုပ်သိမ်းလိုက်သည်။

၃။ ။၁၉၄၃ ခုနှစ်၊ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကိုရုပ်သိမ်းလိုက်သော်လည်း၊အဆိုပါအက်ဥပဒေပုဒ်မ ၂၊ပုဒ်မခွဲ (၁) အရ၊ ခန့်ထားခြင်းခံရသူများသည်၊ ရန်ကုန် စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေ (The Rangoon Development Trust Act) ပါပြဋ္ဌာန်းချက်များအရ၊ နည်းလမ်းကျနစွာဖွဲ့စည်းထားသော ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ဝင်လူကြီးများ၏ ပဌမအစည်းအဝေးတိုင်အောင် ရာထူးတွင်ဆက်လက်ထမ်းရွက်၍၊ ရန်ကုန် စည်ပင်သာယာရေးအဖွဲ့တွင် တည်ရှိသည့်၊ သို့တည်းမဟုတ် ထိုအဖွဲ့အား နှင်းအပ်ထားသည့် အခွင့်အရေးများ၊ အထူးအခွင့်အရေးများ၊ အာဏာများ၊ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို ဆက်လက်ရ၍သုံးစွဲဆောင်ရွက်ရမည်။

G.U.B.C.P.O.—No. 144, M. of J.A., 25-2-52—2,030—II.
**Price,—One anna.]**